Max Myanmar Group

Newsletter

June 2020 Edition



ကပ်ရောဂါကာလတွင် ကျပ်တည်းနေသော

မိဘမဲ့ ကလေးငယ်များနှင့် အဘိုးအဘွားများအတွက်

ရောဝတီ ဖောင်ဒေးရှင်းမှ ပံ့ပိုးကူညီ

စာ-၃

CONTENTS



Cover News
..... ၃

Max Energy အထူးအစီအစဉ်နှင့်
သူတို့အမြင်များ
..... ၄

တစ်လတာ မက်စ်မြန်မာ
သတင်းဖွယ်ဖွယ်ရာရာ
..... ၅၊ ၆၊ ၇၊ ၈၊ ၁၂၊ ၁၃၊
၁၄၊ ၁၅၊ ၂၀

HRဆောင်းပါး ~ ကိုဗစ်အလွန်နှင့်
Managementတို့၏တာဝန်
..... ၁၀၊ ၁၁

ရသဆောင်းပါး ~
အမှတ်တရ(၃)
..... ၁၆၊ ၁၇၊
၁၈၊ ၁၉

Photo News
..... ၉

Other News
..... ၂၁၊ ၂၂

Sport News
..... ၂၃

Health Care
..... ၂၄















မိဘမဲ့ကလေးငယ်များနှင့် အဘိုးအဘွားများအတွက် ဧရာဝတီဖောင်ဒေးရှင်းမှ သွားရောက်ပံ့ပိုးကူညီ

ရန်ကုန်၊ ဇွန် ၇ ။ ။ ဦးဇော်ဇော်၏သား၊ သမီးနှင့်သူငယ်ချင်းများသည် ကိုဗစ်-၁၉ကပ်ရောဂါ ကာလအတွင်း အခက်အခဲအကျပ်အတည်းရှိနေသော မိဘမဲ့ကလေးငယ်များနှင့် အဘိုးအဘွားများ အတွက် သွားရောက်ပံ့ပိုးကူညီမှုများပြုလုပ်ပေးခဲ့ပါသည်။ ဇွန်လ (၆)ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတစ်ပင်မြို့နယ်၊ ထိန်နှစ်ပင်ကျေးရွာရှိ မျိုးဆက်သစ်ပရဟိတကျောင်းသို့ ဆန်၊ ဆီ၊ ကလေးနို့မှုန့်၊ ကလေးအရုပ်များနှင့် ငွေကျပ်(၁၀)သိန်းကို ဆရာတော် ဦးဓမ္မနန္ဒထံသို့ ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ ထို့နောက်တွင် ရွှေပြည်သာမြို့နယ်၊ (၁၁)ရပ်ကွက်ရှိ မေတ္တာရင်ခွင်မိဘမဲ့ကျောင်း(ခရစ်ယာန်ကျောင်း)ရှိ ကလေးငယ်စုစုပေါင်း ၇၁ဦးအတွက် ဆန်၊ ဆီ၊ ကလေးနို့မှုန့်နှင့် ဗလာစာအုပ်များ၊ ငွေကျပ်(၁၀)သိန်းကို ဆရာမဒေါ်မာစီစောဒိမ်ထံသို့ ပေးအပ်လှူဒါန်းခဲ့ပါသည်။

ထို့အတူ ဇွန်လ (၇)ရက်နေ့တွင် ဒဂုံမြို့သစ် အရှေ့ပိုင်းရှိ ချမ်းသာအောင်သီလရှင်ပညာရေးကျောင်းအတွက် ဆန်၊ ဆီ၊ ဗလာစာအုပ်များနှင့်ငွေကျပ်(၁၂)သိန်းကို သီလရှင်ဆရာကြီး ဒေါ်သုဝဏ္ဏာဉာဏီထံသို့ လှူဒါန်းခဲ့ပါသည်။ တစ်ဆက်တည်းတွင် ဒဂုံဆိပ်ကမ်းမြို့နယ်၊ ကျီစုကျေးရွာရှိ YGW ထာဝရဘိုးဘွားရိပ်သာရှိ အဘိုးအဘွား (၃၄)ဦးအတွက် ဆန်၊ ဆီ၊ Ensureဘူး (အာဟာရဖြည့်စွက်စာ)များနှင့် ငွေကျပ်(၁၄)သိန်း (၆)သောင်းတို့ကိုဆရာတော်ဦးဝိဇယထံသို့ဆက်ကပ်လှူဒါန်းခဲ့ပါသည်။







Max က အများကြီး ကူညီပေးနေတဲ့အတွက်ကျွန်မ တို့ဆိုရင် သွားရလာရတာရော၊ လမ်း စရိတ်ရော ဆီဖိုး အရမ်းသက်သာတယ်။ အဲဒါကြောင့်မို့ ဦးဇော်ဇော်ကိုကျေးဇူး တင်လို့ ဒီမှာပဲဆီထည့်ဖြစ်ပါတယ်။ ပရိုမိုး ရှင်းပြီးရင်လည်း ဒီမှာပဲထည့်မှာပါ။



အခက်အခဲတွေဖြစ် နေချိန်မှာ Max ဆီဆိုင်က နေပြီး ဒါမျိုးလုပ်ပေး၊ discountချပေး တဲ့အတွက် ကျေးဇူးတင်ပြီးတော့ ဝမ်းသာဂုဏ်ယူမိပါတယ်။ ဘယ်ဆိုင်က မှမပေးဘဲ Maxဆီဆိုင်ကပဲလုပ်ပေးလို့ အများကြီးကျေးဇူးတင်ပါတယ်။



ကျွန်တော့် အမျိုးသမီး က ပါမောက္ခဆရာဝန်ကြီးပါ။ မြောက်ဥက္ကလာမှာ တာဝန်ကျနေတော့ ဆေးရုံအသွားအပြန်ရော အများကြီး အဆင်ပြေပါတယ်။ ခါတိုင်း ထက်ကို တစ်ဝက်နီးပါး လောက်သက်သာတယ်။ Max Energyဆီဆိုင် အများကြီး ကြိုးပွား တိုးတက်အောင်မြင်ပါစေ။



အထူးအစီအစဉ်နှင့်
သူတို့အမြင်များ



အဲဒီ ကျေးဇူး တရားက ဘာနဲ့မှကိုမတူပါဘူး။ သူများတွေမလုပ်နိုင်တဲ့ အလုပ်ကို လုပ်နေတဲ့ သူပဲ အောင်မြင်မှာပါ။ ကျေးဇူးတွေအများကြီး တင်ပါတယ်။ ဒုက္ခတွေ ရောက်နေတဲ့ကြားမှာ လုပ်ပေးနေလို့ အားလုံး အားလုံးထဲမှာတော့ အထူးခြားဆုံးပါပဲ။ အများကြီးကျေးဇူးတင် ပါတယ်။



ဦးဇော်ဇော်အနေနဲ့ ကျွန်တော်တို့ တက္ကစီသမား တွေ၊ ပရဟိတကားတွေကိုကူညီပေးတယ်။ အဲဒီအတွက် တော်တော်အဆင်ပြေ တယ်။ ကျေနပ်တယ်။ ကျေးဇူးအများကြီး တင်တယ်။ နောက်လည်း အခုလိုလှုနိုင်ပါ စေလို့ ဆုတောင်းပေးပါတယ်။



ကျွန်တော်ကတော့ Maxဆိုင်မှာပဲဆီထည့် ပါတယ်။ ဦးဇော်ဇော်ကို ကျေးဇူးအများ ကြီးတင်ပါတယ်။ တင်တယ်ဆိုတာက အခက်အခဲရှိတဲ့အချိန်မှာစျေးနှုန်းချပေး ထားလို့ ကျွန်တော်တို့တက္ကစီသမားတွေ အတွက်အများကြီးအဆင်ပြေလို့ပါ။

Max Energy Thilawa Terminal ၏ စက်သုံးဆီ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေး





ရန်ကုန်၊ ဇွန် ၃

Max Energy၏စက်သုံးဆီရောင်းချမှုတွင် အဓိက အခန်းကဏ္ဍတွင်ပါဝင်နေသည့် Thilawa Terminalသို့ မက်စ်မြန်မာကုမ္ပဏီအုပ်စုမှ အုပ်ချုပ်မှုတာဝန်ခံများ သွားရောက် စစ်ဆေးခဲ့ပြီး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအတွက် အစည်းအဝေးပြုလုပ်၍ သက်ဆိုင်ရာ ဌာနတာဝန်ခံများက ဆွေးနွေးတင်ပြခဲ့ကြပါသည်။ အစည်းအဝေးအပြီးတွင် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းလည်ပတ်ပုံ၊ ပြည်ပမှတင်သွင်းလာသော စက်သုံးဆီအမျိုးမျိုး ထိန်းသိမ်းသိုလှောင်ပုံ၊ ဖြန့်ဝေပုံ အဆင့်ဆင့်၊ သယ်ယူပို့ဆောင်ရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး စီမံဆောင်ရွက်ထားမှုများကို တာဝန်ခံများမှ လိုက်လံရှင်းလင်းပြသခဲ့ပါသည်။

လူထုမိတ်ဆွေ (၃၂)ယာဉ်လိုင်း သီလဝါဂိတ်သို့ အုပ်ချုပ်မှုတာဝန်ခံများ သွားရောက်ကြည့်ရှုစစ်ဆေး

ရန်ကုန်၊ ဇွန် ၃

မက်စ်မြန်မာ အုပ်ချုပ်မှုတာဝန်ခံများသည် ၂၀၂၀ခုနှစ် ဇွန်လ၃ရက်နေ့တွင် YBS (၃၂) ယာဉ်လိုင်း၏ ရေကြောင်းတက္ကသိုလ်သီလဝါဂိတ်သို့သွားရောက်၍ ခရီးသွားပြည်သူတို့၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားသောလုပ်ငန်းစဉ်များ၊ ကြုံတင်ကာကွယ်ရေးအစီအမံများ၊ Covid-19ကာလ ယာဉ်လိုင်းပြေးဆွဲနေရမှုအခြေအနေများနှင့်ပတ်သက်၍ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။








ထုတ်ပြန်ထားသည့်ညွှန်ကြားချက်များနှင့်ကိုက်ညီမှုရှိ၍ Hotel Max Nay Pyi Taw ပြန်လည်ဖွင့်လှစ်ခွင့်ရရှိ

ရန်ကုန်၊ မေ ၁၅

COVID-19ကာကွယ်ရေးအတွက် Hotel Max (Nay Pyi Taw)မှစီစဉ်ထားမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများမှ မေလ ၃ရက်နေ့တွင် ဟိုတယ်အား လာရောက်စစ်ဆေးခဲ့ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်နည်းလမ်းများအတိုင်း ဟိုတယ်မှ ပြင်ဆင်ထားရှိပြီးဖြစ်သောကြောင့် Hotel Max (Nay Pyi Taw) အား ပြန်လည်ဖွင့်လှစ်ခွင့်ကို မေလ ၅ရက်နေ့တွင် ရရှိခဲ့ပါသည်။ ထို့ပြင် ဟိုတယ်မှ အခန်းများ၊ အသုံးအဆောင်ပစ္စည်းများအား လုံးကို ပိုးသတ်ဆေးဖျန်းခြင်းများပြုလုပ်ပြီး Public Areaများ၌ Hands Sanitizer များ အဆင်သင့်ထားရှိထားပါသည်။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်ကောင်စီ
ခွင့်ပြုချက်အမှတ် (၁၉၆ / ၂၀၂၀)
စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ ပြန်လည်ဖွင့်လှစ်ခွင့်အသိအမှတ်ပြုလက်မှတ်
၁။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒကွိဏာဝရိုင်း၊ ဒကွိဏာသိရိပြို့နယ်ရှိ ၊ ဦးဇော်ဇော်
ဝိုင်ဆိုင်သည့် Hotel Max ကို Coronavirus Disease 2019 (COVID-19)နှင့်စပ်လျဉ်း၍
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စံသတ်မှတ်ချက်များနှင့်အညီ

ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်တံတားဂိတ်များ၏ အသုံးပြုခများကို ဇွန်လတိတိ ဖြေလျှော့ကောက်ခံသွားမည်





Max Highway Co.,Ltd.
(၁-၆-၂၀၂၀) ရက်နေ့မှ (၃၀-၁၁-၂၀၂၀) ရက်နေ့ထိ (၅၀%)
ဖြေလျှော့ကောက်ခံပေးသွားမည့် တံတားဂိတ်များစာရင်း

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	တံတားဂိတ်အမည်	မှတ်ချက်
၁	ပဲခူး	ကျွန်းကလေးတံတား	(၈၀)
၂	မကွေး	ယင်းချောင်း(မကွေး)တံတား	(၈၀)
၃	"	ကိုးပင်တံတား	(၈၀)
၄	"	ဘွဂ်ကြီးတံတား	(၈၀)

ရန်ကုန်၊ မေ ၁၆

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်ကြောင့် ဖြစ်ပေါ်လာသည့်စီးပွားရေးသက်ရောက်မှုများအတွက် BOTလမ်းမကြီးများပေါ်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် တံတားဂိတ်များ၏ အသုံးပြုခများအား ဇွန်လ၁ရက်နေ့မှ နိုဝင်ဘာလ ၃၀ရက်နေ့အထိ (၆လတိတိ) လက်ရှိကောက်ခံမှုနှုန်းထားမှ ၅၀ရာခိုင်နှုန်းဖြေလျှော့ကောက်ခံသွားရန် ညွှန်ကြားထားပါသည်။ ထို့ကြောင့် Max Highwayကုမ္ပဏီမှ ဆောင်ရွက်နေသော ပဲခူးတိုင်းရှိ ကျွန်းကလေးတံတား ၊ မကွေးတိုင်းရှိ ဘွဂ်ကြီးတံတား၊ ကိုးပင်တံတား၊ ယင်းချောင်းတံတားတို့၏တံတားဂိတ်အသုံးပြုခများကို မူလကောက်ခံနေမှုမှ ၅၀ရာခိုင်နှုန်းသို့ဖြေလျှော့ကောက်ခံသွားမည်ဖြစ်ပါသည်







Covidရောဂါထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းစဉ်များ လူထုမိတ်ဆွေယာဉ်လိုင်း ဆက်လက်လုပ်ဆောင်

ရန်ကုန်၊ မေ ၃၀

လူထုမိတ်ဆွေ ပြည်သူ့အကျိုးပြုယာဉ်လိုင်းအနေဖြင့် ခရီးသွားပြည်သူများ အသုံးပြုထိတွေ့ရသည့်မော်တော်ယာဉ်များ၏ အတွင်းပိုင်းရှိ ထိုင်ခုံများ၊ လက်ကိုင်ကွင်းများ၊ လက်ကိုင်တန်းများ၊ ပြတင်းပေါက်မှန်ဘောင်များ အစရှိသည်တို့ကို ကလိုရင်းဆေးရည်နှင့် Dettolဆေးရည်အသုံးပြု၍ ဆေးဖြန်း၊ ပိုးသတ်ခြင်းလုပ်ငန်းများအား ပြီးခဲ့သော မတ်လအတွင်းမှစတင်၍ လက်ရှိအချိန်အထိ ခရီးစဉ်တစ်ခုပြီးဆုံးတိုင်း စဉ်ဆက်မပြတ် စနစ်တကျ ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် ၂၀၂၀ခုနှစ် မေလ ၄ ရက်နေ့တွင် လူထုမိတ်ဆွေယာဉ်လိုင်း၏ တာဝန်ရှိသူများမှ Covid-19ရောဂါကူးစက်ပြန့်ပွားခြင်းကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် ရန်ကုန်ဘူတာကြီးစုပေါင်းဂိတ်၌ မိမိတို့၏ ယာဉ်များပေါ်ရှိ ခရီးသွားမိဘပြည်သူများအား Surgical mask များ လိုက်လံဝေငှပေးခဲ့သည်။ အများပြည်သူသုံးခရီးသွားလုပ်ငန်းများသည် Covid-19 ကာကွယ်ရေးတွင် အဓိကနေရာမှပါဝင်လျက်ရှိရာ လူထုမိတ်ဆွေအနေဖြင့်ရောဂါကာကွယ်ရေးကို အထူးအလေးထား ဆောင်ရွက်နေပါသည်။









မိုးရာသီတုပ်ကွေးရောဂါများအတွက် Max Energy Thilawa Terminal ကြိုတင်ပြင်ဆင်ထား

ရန်ကုန်၊ မေ ၁၉

Max Energy Thilawa Terminal အနေဖြင့်လုပ်ငန်းခွင်အတွင်း တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအတွက် ကိုဗစ်ကာကွယ်ရေးစီမံမှုများ ဆက်လက်ပြုလုပ်၍ မိုးရာသီတုပ်ကွေးရောဂါများအတွက် ကြိုတင်ပြင်ဆင်မှုများ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ကိုဗစ်ကာကွယ်ရေးအတွက် ကိုယ်အပူချိန်တိုင်းတာခြင်း၊ နှာခေါင်းစည်း၊ လက်ဆေးရည်များနှင့် ကာကွယ်ရေးအစီအမံများထားရှိပေးခြင်းအပြင် ကိုယ်ခံစွမ်းအားအတွက် အဓိကလိုအပ်သည့် ဗီတာမင်စီဓာတ်ရရှိစေရန် Vitamin Cတိုက်ကျွေးခြင်း(သို့)လတ်ဆတ်သောအသီးအနှံများကျွေးမွေးခြင်းအစီအစဉ်များကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

မိုးဦးကျကာလသို့ရောက်ရှိလာချိန်တွင် Max Energy Thilawa Terminal မှ ဝန်ထမ်းများမိုးရာသီတုပ်ကွေးရောဂါ၊ သာမာန်ဖျားနာခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်းနှင့်ဝမ်းပျက်ဝမ်းလျှောရောဂါများမဖြစ်ပေါ်စေရန် စီမံဆောင်ရွက်ပေးထားပြီး လိုအပ်သည့်ဆေးဝါးနှင့်စီမံချက်များကိုလည်း ကြိုတင်ပြင်ဆင်ထားသည်။

သထုံမြို့ လူမှုဖူလုံရေးအသင်းများသို့ ရွှေရောင်ပြဝန်ထမ်းမိသားစုမှ ငွေနှင့် သွေးလှူဒါန်းမှုပြုလုပ်



မေ ၁၇ ။ ။ ရွှေရောင်ပြရာဘာခြံဝန်ထမ်းမိသားစုများသည် ၂၀၂၀၊ မေ ၁၆တွင် သထုံမြို့၊ သက်တန့်ရောင်စဉ်လူငယ်ပရဟိတနှင့်နာရေးကူညီမှုအသင်းသို့ ကိုဗစ်ကာလအသုံးပြုရန် အလှူငွေ ၁၅၀,၀၀၀ကျပ်တိတိနှင့် အနီးမဲ့မေတ္တာ(သထုံ)သွေးနှင့်အောက်ဆီဂျင်အခမဲ့ကူညီမှုအသင်းထံသို့ (၉)ကြိမ်မြောက်သွေးလှူဒါန်းခဲ့ကြသည်။





စက်သုံးဆီ လီတာပေါင်း (၇.၇)သန်းကျော်ကို
ငွေကျပ်သိန်းပေါင်း (၁၀၀၀၀)ကျော် စိုက်ထုတ်သုံးစွဲပြီး
အထူးဈေးနှုန်းဖြင့် (၂)လတာရောင်းချပေးခဲ့

MAX ENERGY























ကိုဗစ်အလွန်နှင့် MANAGEMENTတို့၏တာဝန်

ဥက္ကဋ္ဌ (Group HR)

ကိုဗစ် အလွန်ကာလမှာ ဘာတွေ ဖြစ်လာနိုင်သလဲ။ စိတ်ဝင်စားစရာကောင်းလှသည်။ New Normalဆိုသည့် စကားလုံးကို တွင်တွင်ကျယ်ကျယ်ပြောလာကြသည်။ များမကြာမီကာလအတွင်း အခြေအနေအားလုံး ပုံမှန်ဖြစ်လာမည်။ သို့သော် ပုံမှန်အခြေအနေအားလုံးသည် 'အသစ်'တွေဖြစ်ကြမည်။

Covid-19ရောဂါသည် ဒီကမ္ဘာမြေမှာ အပြီးတိုင် ပျောက်ကွယ်သွားရန်မဖြစ်နိုင်တော့ပေ။ သို့ဆိုလျှင် လူသားများနှင့် ဤရောဂါပိုးတို့ အတူတကွ ယှဉ်တွဲနေထိုင်ကြရတော့မည်။ ရေရှည်တွင် ကာကွယ်ခြင်းသည်သာ အကောင်းဆုံးကုသချက်ဖြစ်လေတော့မည်။

ကိုဗစ်ကြောင့် ဘာအသစ်တွေဖြစ်ကြမလဲ။

◆ ဖောက်သည်များ၏ ဝယ်ပုံဝယ်နည်း ပြောင်းမည်။

◆ စားသုံးသူအလေ့အထပြောင်းမည်။

◆ ဒါဆိုရင် စီးပွားရေးအဖွဲ့အစည်းများ လုပ်ပုံကိုင်ပုံ ပြောင်းရတော့မည်။

အထင်ရှားဆုံးပြောင်းလဲမှုမှာ IT နည်းပညာကို ယခင်ကထက်ပို၍အားကိုးလာကြသည်။

စီးပွားရေးလုပ်ငန်းစုများ၊ အဖွဲ့အစည်းများတွင် IT နည်းပညာ၏အခန်းကဏ္ဍသည် ပို၍ လျင်မြန်စွာ ကြီးထွားလာ၏။ ကိုဗစ်ကာလ ဖြစ်သည့်အချိန်မှစတင်၍ Workforce Rotationကို ကျင့်သုံးလာခဲ့ကြသည်။ Stay at Home နှင့် Work From Homeဟူ၍လည်း ထပ်မံခွဲခြားလုပ်ကိုင်ကြသည်။ လုပ်အားအင်အားစုတစ်ခုနှင့်တစ်ခု ထိတွေ့မှုနည်းစေရန် အတွက် ရည်ရွယ်ခြင်းဖြစ်သည်။

ထို့ကြောင့် Internetမှတစ်ဆင့် e-mail ဖြင့်စာပို့ခြင်း၊ Viber/Messenger နှင့် ChatGroupမှတစ်ဆင့် အချိန်နှင့် တစ်ပြေးညီ သတင်းဖလှယ်ခြင်း၊ Video Conferencingအဖြစ် Zoomနှင့် Micro soft Teamsကို သုံးလာကြသည်။ Virtual World(အတုအယောင်ကမ္ဘာ)မှသည် ယခုတော့ Real World (တကယ့်ကမ္ဘာ) ဖြစ်နေကြပြီ။

အဖွဲ့အစည်းများ၏ Managementကို တာဝန်ယူထားသူများ၏အများစုသည် လူလတ်ပိုင်းအရွယ်ဖြစ်၏။ ဆိုလိုသည်မှာ ITနည်းပညာနှင့် ထဲထဲဝင်ဝင်သိပ်မရှိလှ။ ယခင်က မိမိလက်အောက်ရှိ ITပညာရှင်ကို ခိုင်းလိုက်ရင်ပြီး၏။ ယခုတွင်တော့ မိမိ ကိုယ်တိုင်သိရမည်၊ တတ်ရတော့မည်၊ သုံးရတော့မည်။

မသိရင်မေး၊ မစင်ရင်ဆေး ဆိုသည့် စကားပုံအတိုင်း မိမိသည် Management Levelဟု အထင်ရောက်နေပြီး မေးမြန်းမှုမရှိပါက ပညာရပ်တစ်ခုကိုကျွမ်းကျင်နိုင်မည်မဟုတ်။ ထို့ကြောင့် Managementတွေက ITပညာရပ်ကို လုပ်ငန်းခွင်အတွင်းထိရောက်အောင် အသုံးပြုနေပါက မိမိ၏လက်အောက်ငယ်သားများသည်လည်း အတုယူကာ လိုက်လံအသုံးပြုကြမည်ဖြစ်သည်။

တစ်ခါတစ်ရံ လုပ်ငန်းလိုအပ်ချက်များကြောင့် လူမှုကွန်ရက်များကို အသုံးပြုကြရပါသည်။ မဖြစ်မနေအသုံးပြုရသည့်အချိန်များတွင် ထို့ထက်ပို၍ လုပ်ငန်းခွင်နှင့်ဆိုင်သော ITနည်းပညာများကို ပို၍အသုံးပြုကြပါရန်တိုက်တွန်းလိုက်ရပါသည်။

ဉာဏ်တိုး (Group HR)





မော်ဘီမြို့သို့ရောက်ရှိနေသော ပလက်ဝမှ စစ်ဘေးရှောင်များအတွက် ဧရာဝတီဖောင်ဒေးရှင်းကူညီ

ရန်ကုန်၊ မေ ၂၅

ဧရာဝတီဖောင်ဒေးရှင်းတာဝန်ရှိသူများသည် တိုင်းဒေသကြီးအမှတ်(၂) လွတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်နှင့်အတူ မော်ဘီမြို့နယ်၊ စာဖြူစုရပ်ကွက်သို့သွားရောက်ကာ ချင်းပြည်နယ်၊ ပလက်ဝမြို့မှ ရောက်ရှိနေထိုင်လျက်ရှိသော စစ်ဘေးရှောင်များကို တွေ့ဆုံအားပေးပြီး ၎င်းတို့အတွက်လိုအပ်နေသော စားနပ်ရိက္ခာနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခဲ့ပါသည်။ အဆိုပါ စစ်ဘေးရှောင်များသည် ဖြစ်ပွားလျက်ရှိသောစစ်ပွဲများကြောင့် ဘေးကင်းရာသို့ ပြောင်းရွှေ့နေထိုင်ကြခြင်းဖြစ်ပြီး ၎င်းတို့၏ နေထိုင်စားသောက်ရေးအခက်အခဲများ ပြေလည်စေရန်အတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်တစ်သိန်းစီနှင့် ဆန်၊ ဆီ အစရှိသည့် စားနပ်ရိက္ခာများကို လှူဒါန်းခဲ့ပါသည်။







မြဝတီနှင့်ရမည်းသင်းတို့မှ Quarantineဝင်နေရသူ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပံ့ပိုးကူညီ

ဇွန် ၁။ ။ ဧရာဝတီဖောင်ဒေးရှင်းသည် မြဝတီမြို့၌ Quarantineဝင်နေသောရွှေ့ပြောင်းအလုပ်သမားများအတွက် တစ်ဦးလျှင် ငွေကျပ်(၂၀၀၀)စီထောက်ပံ့ခဲ့သလို ရမည်းသင်း၌Quarantineဝင်နေသော ရွှေ့ပြောင်းအလုပ်သမား(၅၃၉)ဦးအတွက် ငွေကျပ်သိန်း(၃၀)၊ ဆန်အိတ်(၂၀၀)၊ ဆီပိဿာ(၃၀၀)နှင့် အခြားအရာများကိုလှူဒါန်းခဲ့သည်။

ကိုဗစ်ကူးစက်ခံရ၍ မိသားစုအတွက်အခက်အခဲရှိနေသူများအား ဧရာဖောင်ဒေးရှင်းကျပ်(၅)သိန်းစီထောက်ပံ့လှူဒါန်း





ရန်ကုန်၊ မေ ၁၆

ဧရာဝတီဖောင်ဒေးရှင်းမှ ဦးဇော်ဇော်နှင့် အမှုဆောင်ဖြစ်သူ ပါမောက္ခဒေါက်တာဇော်ဝေစိုးတို့သည် ဝေဘာဂီအထူးကုဆေးရုံကြီးမှ ပါမောက္ခဒေါက်တာစံပယဖြူ၊ တောင်ဥက္ကလာပဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမော်ဦးတို့နှင့်ဆွေးနွေးတိုင်ပင်၍ အကြောင်းအမျိုးမျိုးကြောင့် COVID-19 ကူးစက်ခံရကာ မိသားစုအတွက် အမှန်တကယ် အခက်အခဲရှိနေသူ (၁၉)ဦးကို တစ်ဖက်တစ်လမ်းမှ ကူညီပေးနိုင်ရန်အတွက် စာနာစိတ်ဖြင့် ငွေကျပ် (၅)သိန်းစီ ထောက်ပံ့လှူဒါန်းခဲ့ပါသည်။

ဂေါက်ကွင်း(၃)ကွင်းရှိ အခြေခံဝန်ထမ်းများနှင့် ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းအတွက် ထောက်ပံ့လှူဒါန်း

ရန်ကုန်၊ မေ ၁၅

COVID-19ကြောင့် ရပ်နားထားသော တောင်ဥက္ကလာပဂေါက်ကွင်း၊ မြို့တော် ဂေါက်ကွင်းနှင့် ဒဂုံဂေါက်ကွင်းတို့မှ နေ့စားနှင့် အခြေခံလုပ်သားများ၊ ကယ်ဒီများ၊ အခြားဝန်ထမ်းများအစရှိသည့် ဂေါက်ကွင်းလုပ်သားများ၊ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းမှ ကျောင်းသားများ အစရှိသည့် စုစုပေါင်းလူဦးရေ(၂၀၀၀)၏ စားဝတ်နေရေးလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ကူညီဖြည့်ဆည်းပေးသောအားဖြင့် ဧရာဝတီဖောင်ဒေးရှင်းမှ စုစုပေါင်းငွေကျပ် သိန်း(၃၀၀)တန်ဖိုးရှိ ဆန်၊ ဆီ အစရှိသည့် စားသောက်ကုန်များကို သွားရောက်လှူဒါန်းခဲ့ပါသည်။











Covid-19ကုသကာကွယ်ရန် ဆောင်ရွက်နေသော ပုသိမ်ဆေးရုံကြီးသို့ ငွေကျပ်သိန်း(၁၅၀)လှူဒါန်း

ရန်ကုန်၊ မေ ၂၂

ရောဝတီဖောင်ဒေးရှင်းသည် COVID-19 ကုသကာကွယ်ရန်ဆောင်ရွက်နေသော ပုသိမ် အထွေထွေရောဂါကုဆေးရုံကြီးမှ ဆရာဝန်၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ လိုအပ်သလို အသုံးပြုနိုင်ရန်နှင့် ဆေးရုံကြီး၏ အထွေထွေလိုအပ်ချက်များ၊ ပြင်ဆင်ရန် လိုအပ်နေသော စက်ပစ္စည်းများပြန်လည်ပြုပြင်နိုင်ရန်အတွက် ငွေကျပ်သိန်း(၁၅၀) လှူဒါန်းခဲ့ပါသည်။ ထို့အတူ မလေးရှားမှ ပြန်လည်ရောက်ရှိလာသည့် COVID-19 ကူးစက်ခံရသူနှင့် ၎င်း၏မိသားစု အဆင်ပြေစေရန် ငွေကျပ် (၅)သိန်း ထောက်ပံ့ကူညီပေးခဲ့ပါသည်။

နိုင်ငံတစ်ဝန်းမှ ဆေးရုံများ၊ Emergency Ambulance Service (EAS) နှင့် လူမှုရေးအသင်းအဖွဲ့များသို့ အရေးပေါ်လူနာ သယ်ယူပို့ဆောင်နိုင်ရန် ကုသရေးပစ္စည်းကိရိယာများ ပါဝင်သော ဆေးရုံကား အစီး (၂၀)ကျော် လှူဒါန်းခဲ့ပြီးဖြစ်ပါသည်။ ထိုအထဲမှ အချို့လူနာတင်ယာဉ်များသည် ယနေ့တိုင် အကျိုးရှိစွာအသုံးပြုလျက်ရှိသော်လည်း အချို့မှာ ပြင်ဆင်စရိတ် အခက်အခဲကြောင့် ရပ်နားထားရသည်ကို စိတ်မကောင်းဖွယ် ကြားသိရပါသည်။ ပုသိမ်ဆေးရုံကြီးသို့ လှူဒါန်းထားသော လူနာတင်ယာဉ်တစ်စီးသည် အသုံးမပြုနိုင်ဘဲ ကာလအတန်ကြာအောင် ရပ်နားထားခဲ့ရာမှ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းမင်းထွဋ်၏ဦးဆောင်မှုဖြင့် ပြန်လည်ပြုပြင်နိုင်ခဲ့ရာ ဆရာဝန်ကြီးအား အထူးလေးစားကျေးဇူးတင်ရှိကြောင်း ဂုဏ်ပြုဖော်ပြအပ်ပါသည်။







Covid-19ကုသနေသောကျန်ရှိသည့်ဆေးရုံများသို့ ကျပ်သိန်း(၄၅၀) ဆက်လက်ထောက်ပံ့လှူဒါန်း

ရန်ကုန်၊ မေ ၁၁

ရောဝတီဖောင်ဒေးရှင်းသည် COVID-19 ကူးစက်ခံရသူများကို ကုသပေးလျက်ရှိသော ဟားခါး၊ မူဆယ်၊ မတ္တရာ၊ ကျိုင်းတုံမြို့ပြသည့် ဆေးရုံများမှ သက်ဆိုင်ရာဆရာဝန်များနှင့် ဆွေးနွေးတိုင်ပင်ကာ ၎င်းတို့အတွက် လိုအပ်လျက်ရှိသော သိန်း(၃၃၀)တန်ဖိုးရှိ ဆေးရုံသုံး ကာကွယ်ကုသရေး ပစ္စည်းများကို ဖြည့်ဆည်းလှူဒါန်းပေးခဲ့ပါသည်။ ထို့အတူ COVID-19လူနာများကို ကုသပေးလျက်ရှိသော ဆရာဝန်၊ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများ၏လိုအပ်သောနေရာများတွင် အသုံးပြုနိုင်ရန်အတွက် ငွေကျပ်သိန်း (၁၂၀)ကိုလည်း လှူဒါန်းခဲ့ပါသည်။

မတ်လ(၆)ရက်နေ့မှ စတင်၍ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ပြန်လည်ရောက်ရှိလာသူ စုစုပေါင်း (၁၃၁)ဦး၏ (၃)ပတ်ကြာ Facility Quarantine ဝင်နိုင်ရန်နှင့် ၎င်းတို့အတွက် ပံ့ပိုး ကူညီပေးသူ Volunteer (၃၀)ဦးတို့ကို မြန်မာနိုင်ငံဘေလုံးအဖွဲ့ချုပ်ရှိ လက်ရွေးစင်ကစားသမားဆောင်များနှင့် မြန်မာဘေလုံးအကယ်ဒမီတို့တွင် အဆင်ပြေစွာ နေထိုင်စားသောက်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အတူ COVID-19 ကာကွယ်ကုသရေး ရွပ်ရွပ်ခွဲခွဲတာဝန်ထမ်းဆောင်နေသော ဆရာဝန်၊ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်း(၈၀)ဦးကို AYA Bank Training Center (မေတ္တာညွှန့်)တွင် အဆင်ပြေစွာနေထိုင်စားသောက်သွားလာနိုင်ရန်အတွက် ယနေ့တိုင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။


အမှတ်တရ (၃)

သံမျှင်ဦး



ပုဂံ-ညောင်ဦးဘဏ်တည်ဆောက်ရေး အတွက် ဝယ်ယူမယ့်နေရာကို ၂၀၁၂ နှစ်ဆန်းပိုင်းမှာ အစ်မမဆန်းတို့နဲ့ချိန်းပြီး သွားကြည့်ဖြစ်ခဲ့ပါတယ်။ အစ်မမဆန်းတို့ကလည်း ဝယ်ယူရေးအဖွဲ့နဲ့ တစ်နေရာကလာ၊ ကျွန်တော်တို့ကလည်း မြင်းခြံ၊ ပခုက္ကူဘက်ကနေ ပုဂံ-ညောင်ဦးကို လှည့်လာပြီး နှစ်ဖွဲ့ချိန်းပြီးကြည့်ခဲ့ကြပါတယ်။ အုတ်ရိုးထူထူနဲ့တည်ဆောက်ထားတဲ့ နှစ်ထပ်အိမ်ဖြစ်ပြီး ပြတင်းပေါက်တွေက ပုဂံလက်ရာလို Arch(ခုံး)ပေါင်းမိုးသဏ္ဌာန်ပါတဲ့ လက်ရာတွေကြောင့် အပြင်ကစကြည့်တဲ့အချိန်မှာပဲ သဘောကျမိပါတယ်။ ညောင်ဦးဈေးနဲ့ရွှေစည်းခုံဘုရားကြား လမ်းမတော်လမ်းမပေါ်မှာတည်ရှိပါတယ်။ ပဉ္စရုပGuest Houseနဲ့ မျက်စောင်းထိုးကျပါတယ်။ အိမ်အတွင်းပိုင်းမှာကတော့ ရိုးရိုးပဲ အခန်းဖွဲ့ထားပြီး အုတ်ရိုးထူထူ (Brick Bearing Wall) ပေါ်မှာ သစ်သားတန်းစဉ့်တန်းတင်ပြီး သစ်သားကြမ်းခင်းနဲ့ ပထမထပ်ကိုတည်ဆောက်ထားပါတယ်။ လက်ရှိတည်ရှိနေတဲ့ အဆောက်အဦးကြုံခိုင်မှု၊ အဆောက်အဦးအတိုင်းအတာ၊ အကျယ်အဝန်း၊ မြေကွက်အနေအထားကြည့်ပြီး ကျွန်တော်တို့က ရန်ကုန်ပြန်ဆင်း၊ အစ်မမဆန်းတို့က မန္တလေးပြန်တက်နဲ့ လူစုခွဲခဲ့ပါတယ်။

ကျွန်တော်တို့သွားကြည့်တဲ့ ဘဏ်နေရာကို MDနဲ့ဘုတ်အဖွဲ့များက လက်ခံလိုက်တဲ့အတွက် ညောင်ဦးဘဏ်တည်ဆောက်ရေးတာဝန်က ဒီဇိုင်းကစလို့ ရောက်ရှိလာပါတော့တယ်။ ဒီဇိုင်းကိုတော့ တောင်ကြီးဘဏ်တုန်းကမအပ်ဖြစ်ခဲ့တဲ့ Studio 131 Design Groupက ဆရာဦးညွန့်ဝင်းတို့နဲ့ အပ်ဖြစ်ခဲ့ပါတယ်။ ဆရာနဲ့က တာချီလိတ်၊ ကလေး၊ တမူးခရီးစဉ်တွေ ဒီဇိုင်းကိစ္စအတွက်




အတူခရီးသွားဖြစ်၊ အလုပ်အတူတွဲလုပ်ဖြစ်ခဲ့ပါတယ်။ Architectထဲမှာ အလွန်ပွင့်လင်းပြီးရိုးရှင်းတဲ့ဆရာဖြစ်ပါတယ်။ ဆရာ့အမျိုးသမီး ဆရာယုဝတီကလည်း Architect တစ်ယောက်ဖြစ်ပါတယ်။ ဆရာတို့ဒီဇိုင်းရုံးခန်းကိုသွားပြီဆိုရင် နှပ်ကော်ဖီကောင်းကောင်းလေးတစ်ခွက် အမြဲတိုက်တတ်တဲ့ဆရာမပါ။ ဆရာ့ကိုညောင်ဦးဒီဇိုင်းအပ်တော့ ဆရာကိုယ်တိုင်လိုက်ကြည့်ဦးမယ်ဆိုလို့ ကျွန်တော်နဲ့ဆရာတို့ပုဂံ-ညောင်ဦးကို နေ့ချင်းပြန်သွားခဲ့ကြပါတယ်။ မနက်ဖေါ်ရီအစောဆုံးလေယာဉ်စီးပြီး ညနေ ၅နာရီခွဲလေယာဉ်နဲ့ပြန်လာလို့ရတဲ့အတွက် ညောင်ဦးမှာ တစ်နေကုန် အလုပ်လုပ်ဖို့ အချိန်ရပါတယ်။ ညောင်ဦးကပြန်လာပြီး ဆရာ့ဆီက Concept Designရအပြီးမှာ MDထံတင်ပြတော့ MDက ချက်ချင်းပဲကြိုက်ပြီး ဆရာ့Design အတိုင်း ဆက်လုပ်စေခဲ့ပါတယ်။

မူလအဆောက်အဦး သေးနေတဲ့အတွက် ဘေးမြေကျန်ရှိနေသေးတော့ Steel Structureနဲ့ Extensionထပ်ဆင့်ပြီး Layoutပြင်ဆင်ခဲ့ပါတယ်။ နဂိုလက်ရှိအိမ်ထဲမှာရှိတဲ့ ပထမထပ်ကို အကုန်လုံးဖွင့်ချပြီး တစ်ထပ်တည်း မျက်နှာကျက်အမြင့်နဲ့ ဒီဇိုင်းထုတ်ခဲ့ပါတယ်။ ဘေးဘက်အခြမ်းနဲ့ နောက်ဘက်အခြမ်းကိုငုံပြီး Steel Structureနဲ့ နှစ်ထပ်အားဖြည့်လိုက်တဲ့အတွက် ပိုပြီးတောင့်သွားစေပါတယ်။ Steel Design ကိုတော့ ဆရာမကြီးဒေါက်တာဒေါ်တင်ဝင်းက တွက်ချက်ပေးခဲ့ပါတယ်။ ရှေးမူမဟုတ် မူလလက်ရာမဟုတ် ဒီဇိုင်းဖြစ်လို့ ရှေးဟောင်းယဉ်ကျေးမှုအဖွဲ့ကလည်း ခွင့်ပြုပေးခဲ့ပါတယ်။ ခွင့်ပြုချက်အဆင့်ဆင့်တင်ပြီး ဆောက်လုပ်ခွင့်ရရချင်း ကျောက်ပန်းတောင်းဘဏ်တည်ဆောက်ရေးမှာ တာဝန်ကျနေတဲ့ ကိုလှဘုန်းခိုင်နဲ့ တည်ဆောက်ရေးကို စတည်ခဲ့ပါတယ်။ အဲဒီအချိန်က ချောက်ဘဏ် တည်ဆောက်ရေး၊ ကျောက်ပန်းတောင်းဘဏ် တည်ဆောက်ရေးတို့ တစ်ပြိုင်တည်းဆောက်ရွက်နေသလို ပခုက္ကူ၊ မြင်းခြံ၊ မန္တလေးကျွဲဆည်ကန်ဘဏ်တွေကိုလည်း တည်ဆောက်ရချိန်ဖြစ်ပါတယ်။ မူဆယ်၊ လားရှိုးဘဏ်တွေဖွင့်ပြီးစလည်းဖြစ်ပါတယ်။ အရှိန်အဟုန်မြင့်တည်ဆောက်ရေးကာလမှာ ပုဂံ-ညောင်ဦးတည်ဆောက်ရေးကလည်း အချိန်ကာလသတ်မှတ်ချက်ရှိလို့ကြိုးစားပြီးဆောင်ရွက်ခဲ့ရပါတယ်။ ကျောက်ပန်းတောင်းနဲ့ ပုဂံ-ညောင်ဦးဘဏ်တည်ဆောက်ရေးနှစ်ခုကြား

ပြေးလွှားနေရတဲ့ ကိုလှဘုန်းခိုင်ကို ကျောက်ပန်းတောင်းဘဏ်တစ်ခုပဲ သီးသန့်ကိုင်ခိုင်းလိုက်ပြီး မလုပ်တတ်ရည်နဲ့ ကိုရဲမင်းထွန်းတို့ကို ညောင်ဦးဘဏ်အတွက် တာဝန်ချခဲ့ပါတယ်။ အလံပြဘုရားလမ်း မက်စ်မြန်မာရုံးချုပ်တည်ဆောက်ရေးတုန်းက တာဝန်ယူတည်ဆောက်ခဲ့တဲ့သူတွေဖြစ်ပါတယ်။

ဘဏ်တည်ဆောက်ရေးတွေ စပေါ်လာကတည်းက မြန်မာတစ်ပြည်လုံးမှာ တည်ဆောက်ရေးတွေ ရှိလာပြီဖြစ်တဲ့အတွက် အင်ဂျင်နီယာတွေအများစုက ကျရာနေရာဒေသမှာ မညီးညူဘဲ သွားရောက်လုပ်ဆောင်ပေးခဲ့ကြတာဖြစ်ပါတယ်။ မလုပ်တတ်ရည်တို့အဖွဲ့က မြန်မာမှုလက်ရာပိုင်းကို အလွန်စိတ်ဝင်တစားရှိပြီး စိတ်ရှည်ကြသူများပီပီ ပုဂံ-ညောင်ဦးဘဏ်တည်ဆောက်ရေးမှာပါဝင်တဲ့ အဆောက်အဦးကြံခိုင်ရေး၊ မြန်မာမှုလက်ရာများထိန်းသိမ်းရေး၊ လက်ရာကောင်းမွန်စေရေး၊ အချိန်မီပြီးစီးအပ်နှံနိုင်ရေးအတွက် အထူးပဲကြိုးစားလုပ်ဆောင်ပေးခဲ့တာကိုတွေ့ရပါတယ်။ အခုအချိန်ထိ ပုဂံ-ညောင်ဦးဘဏ်က အသေးစားပြုပြင်မွမ်းမံမှုများသာပြုလုပ်ခဲ့ရပါတယ်။ ဘဏ်ဘက်ခြမ်းက အင်ဂျင်နီယာချုပ်ဦးမျိုးမင်းခိုင်တို့အဖွဲ့က ယနေ့အချိန်ထိ အဲဒီဘဏ်ကိုကျေနပ်အားရခဲ့ပါတယ်။

တည်ဆောက်ရေးလုပ်နေချိန်မှာ ဆရာဦးညွန့်ဝင်းနဲ့ ၂ကြိမ်၊ ၃ကြိမ်ထပ်ရောက်ပြီး ဒီဖိုင်းလိုအပ်ချက်တွေကို ညှိနှိုင်းပြင်ဆင်ခဲ့ပါတယ်။ ဘဏ်ဘက်ခြမ်းက လိုအပ်မယ့်၊ အသုံးပြုမယ့်သူနဲ့ကိုက်ညီတဲ့အခင်းအကျင်းတွေကို လုပ်ဆောင်ခဲ့ရပါတယ်။ ငွေတိုက်ခန်း၊ မန်နေဂျာခန်း၊ ဝန်ထမ်းအလုပ်ခန်း၊ Banking Hall၊ Pentry Room၊ Server Room စသဖြင့်လိုအပ်ချက်အတိုင်းဖြည့်ဆည်းလုပ်ဆောင်ပေးရပါတယ်။ Banking Hallခန်းမဟာ Height Ceilingဖြစ်ပြီး သစ်သားတွေပါဝင်တဲ့ Lighting Designနဲ့ အလှဆင်ထားပြီး ထူးခြားမှုအဖြစ် ဘဏ်ကောင်တာခုံတွေကို ယွန်းထည်လက်ရာပစ္စည်းတွေနဲ့အသုံးပြုဖြစ်ခဲ့ပါတယ်။ ဆရာဦးညွန့်ဝင်းခွင့်ပြုချက်ရယူပြီး ပုဂံ-ညောင်ဦးဘဏ်ကောင်တာမှာသုံးမယ့် ယွန်းပစ္စည်းတွေကိုတစ်ဆိုင်ဝင်တစ်ဆိုင်ထွက် လိုက်ရှာပြီး



နောက်ဆုံး စိန်မြားဆိုင်က Sampleယွန်းချပ်တွေရန်ကုန်ထိ သယ်သွားပြီး Option ၄၊ ၅မျိုး MDထံတင်ပြပြီး MDက စိတ်ကြိုက်ရွေးချယ်ပေးခဲ့တာကို ဆရာဦးညွန့်ဝင်းကလည်း သဘောတူနှစ်ခြိုက်ပြီး ဘဏ်ကောင်တာတွေကို ယွန်းထည်ပစ္စည်းတွေနဲ့အလှဆင်ဖြစ်ခဲ့တာ အမှတ်တရရှိစေပါတယ်။

ဆေးရောင်ရွေးချယ်ရာမှာလည်း နီဗိုတယ်ဟိုတယ်တည်ဆောက်ရေးမှာ ဆေးသုတ်လုပ်ငန်းလုပ်ဆောင်ပေးနေတဲ့ကိုမျိုးစိုးတို့ကို အလုပ်အပ်ပြီး ဆေးကာလာအဆင့်ဆင့် နမူနာသုတ်ပြီး



ရွေးချယ်ကာ ICIဆေးနဲ့ ပုဂံ-ညောင်ဦးမှာ အလှဆင်ခဲ့ပါတယ်။ ဆေးသုတ်လုပ်ငန်းမှာလည်း အဆင့်မီလက်ရာကောင်းစံချိန်စံညွှန်းပြည့်မီစွာ ရရှိခဲ့တဲ့အတွက် အထူးကျေနပ်ခဲ့ရပါတယ်။ အညာမြေဖြစ်တဲ့ ပုဂံ-ညောင်ဦးကို အလုပ်ကိစ္စနဲ့ ရောက်တိုင်း ပုဂံဘုရားတွေ ဖူးမျှော်ခဲ့ရတဲ့အတွက် ဘုရားလည်းဖူး၊ အလုပ်လည်းလုပ်နဲ့ ပင်ပန်းတာတွေ ကြည်နူးပြေပျောက်ရပါတယ်။ အပြီးသတ် လုပ်ငန်းလုပ်ဆောင်တဲ့အချိန်နဲ့ ဘဏ်ဖွင့်ပွဲကို အဖေဆေးရုံတက်နေရတဲ့အတွက် မရောက်ဖြစ်ခဲ့ပါဘူး။ ဘဏ်ဖွင့်ပွဲမှာ ခန့်ညားထည့်ဝါစွာနဲ့မြန်မာမှုလက်ရာတွေနဲ့ ပန်ရနေတဲ့ ပုဂံ-ညောင်ဦးဘဏ်ခွဲလေးက ထုထည်ကြီးစွာနဲ့တည်ရှိလို့နေပါတယ်။

အခုလိုမျိုး အချိန်မီလုပ်ငန်းပြီးစီးနိုင်ရေးအတွက် ရုံးချုပ်က စတို့၊ Procurement၊ ကန်ထရိုက်ရွေးချယ်ရေးအဖွဲ့ အစရှိတဲ့ ဝန်ထမ်းတွေက ပစ္စည်းတွေ အချိန်မီရောက်အောင်၊ ကန်ထရိုက်တွေတစ်ဖွဲ့တစ်ဖွဲ့ချိတ်ဆက်ပြီး အချိန်မှန်ဝင်နိုင်အောင် စီစဉ်ပေးမှုကလည်း အဓိကကျလှပါတယ်။ Siteမှာ တာဝန်ကျနေတဲ့ အင်ဂျင်နီယာကလည်း လိုအပ်သမျှကို Target၊ Scheduleနဲ့ Designပိုင်းလုပ်ငန်းတွေကိုကိုညီအောင်၊ အရည်အသွေးကောင်းအောင်၊ ရလဒ်ကောင်းတစ်ခုမွေးဖွားလာအောင် ကိုယ်စွမ်းရှိသမျှစိတ်နှစ်ပြီးလုပ်ဆောင်ခဲ့မှုတွေကလည်း အားတွေအဆင့်ဆင့်ဖြစ်ရပြီး လုပ်ငန်းတွေ အောင်မြင်တာပဲဖြစ်ပါတယ်။ ရုံးချုပ်က ထိန်းချုပ်မှုနဲ့ လုပ်ငန်းခွင်ထဲက လုပ်ဆောင်မှုတွေ ဟန်ချက်ညီညီ၊ အရည်အသွေးကောင်းကောင်းနဲ့ ခေတ်မီတိုးတက်တဲ့ အဆောက်အအုံတွေ ပေါ်ထွက်လာရေးက ကျွန်တော်တို့ မက်စ်မြန်မာဆောက်လုပ်ရေးအဖွဲ့သားတွေရဲ့ အဓိကလုပ်ငန်းတာဝန်တွေပဲဖြစ်ပါတယ်။ ရေရှည်တည်တံ့ခိုင်မြဲရေး၊ အရည်အသွေးကောင်းမွန်ရေး၊ ကုန်ကျ စရိတ်သင့်လျော်ထိန်းချုပ်နိုင်ရေးတွေနဲ့ အမြဲစဉ်ဆက်မပြတ် ရရှိနိုင်ဖို့အတွက် အဖွဲ့သားတွေအားလုံးနဲ့ နောင် စီမံကိန်းသစ်တွေအတွက် အားအင်တွေမွေးပြီး အစွမ်းကုန်ကြိုးစားသွားကြပါမယ်လို့ ဆန္ဒပြုရင်း။

သံမျှင်ဦး

၂၉၊ ၅၊ ၂၀၂၀

(11:56 AM)

AYA Sompo၊ AYAဘဏ်နှင့် AIA Myanmarတို့မှ Grab နှင့်ပူးပေါင်း၍ အငှားယာဉ်(၁၀၀၀)အား ပိုးသန့်စင်မည်

ရန်ကုန်၊ မေ ၂၇

ကိုဗစ်ကာလအတွင်း ရန်ကုန်မြို့ကတွင်းမှ အငှားယာဉ်မောင်းများနှင့် ခရီးသည်များကို ကာကွယ်ရန်အတွက် AYA Sompo၊ AYAဘဏ်နှင့် AIA Myanmarတို့မှ Grab Myanmarနှင့် ပူးပေါင်း၍ အငှားယာဉ်အစီးရေ ၁၀၀၀ အား ပိုးသတ်သန့်စင်မည် ဖြစ်ကြောင်း သိရသည်။

ပြည်သူအများ စိုးရိမ်သောကကင်းရှင်းပြီး ဘေးကင်းလုံခြုံစွာ ခရီးသွားလာနိုင်စေရန် ရည်ရွယ်၍ မေ ၂၄ရက်မှစတင်ပြီး တစ်လတာအတွင်း တာမွေ၊ ရန်ကင်း လှိုင်နှင့် တောင်ဥက္ကလာပမြို့နယ်များရှိ ICAR Auto Service ဓာတ်ခွင် အထူးသန့်စင်ပစ္စည်းများ၊ ကိရိယာများ၊ ကောင်းမွန်စွာ လေ့ကျင့်ပေးထားသော ကျွမ်းကျင်သူများနှင့်အတူ Grabအငှားယာဉ်များကို ပိုးသတ်သန့်စင်သွားမည်ဖြစ်သည်။ Ref: ကြေးမုံ





ဒုံးပျံကုမ္ပဏီSpace Xမှ ပုဂ္ဂလိကပိုင် အာကာသယာဉ်ကို ပထမဆုံးအကြိမ် အောင်မြင်စွာ လွှတ်တင်

ဇွန် ၁



အမေရိကန်ဒုံးပျံကုမ္ပဏီတစ်ခုဖြစ်သော Space X သည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ပုဂ္ဂလိကပိုင် အာကာသယာဉ်ကိုပထမဆုံးအကြိမ်အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ကြောင်းသိရသည်။ အဆိုပါအာကာသယာဉ်ပေါ်၌ အမေရိကန်အာကာသယာဉ်မှူးနှစ်ဦးဖြစ်သည့် ဒေါက်တာဟာလေနှင့် ဘော့ဘန်ကင်တို့နှစ်ဦးလိုက်ပါခဲ့ပြီး ယခုခရီးစဉ်မှာ အမေရိကန်မြေမှ အမေရိကန်အာကာသယာဉ်မှူးများ၏ ပထမဆုံးခရီးစဉ်လည်းဖြစ်သည်။ အမေရိကန်အာကာသယာဉ်မှူးများအနေဖြင့် ယခင်က ရုရှားဒုံးကျည်များနှင့်အာကာသယာဉ်မှူးခန်းများကိုနေခဲ့ရပြီး ယခုစမ်းသပ်မှုကြောင့် နောင်အနာဂတ်တွင် အခြားနိုင်ငံများကိုမှီခိုရန်မလိုဘဲ နိုင်ငံတကာအာကာသစခန်းများသို့ အမေရိကန်အာကာသယာဉ်မှူးများကို ပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။ ဘီလျံနာသူဌေးအီလွန်မက်စ်ပိုင်ဆိုင်သည့် Space Xအနေဖြင့်ဒုံးပျံစနစ်သစ်တစ်မျိုးကိုစမ်းသပ်နိုင်ခဲ့ရုံသာမက အခြားသောကုမ္ပဏီများအနေဖြင့် အာကာသခရီးသွားဝန်ဆောင်မှုလုပ်ငန်းများကို ဝင်ရောက်ရင်းနှီးမြှုပ်နှံလာမည်ဟု မျှော်မှန်းထားသည်။ Ref: CNN

ကမ္ဘာတစ်ဝန်းတွင် ကိုဗစ် ရောဂါပိုးကူးစက်ခံထားရသူ (၆)သန်းကျော်ရှိလာ



မေ ၃၁

ကမ္ဘာတစ်ဝန်းတွင် ကူးစက်မြန် ကိုဗစ်ရောဂါကူးစက်ခံရသူမှာ မေလ(၃၀)ရက်နေ့အထိ ၆သန်းကျော်ရှိလာပြီဖြစ်ပြီး (၃၆၇,၀၀၀)ကျော် သေဆုံးထားပြီးဖြစ်သည်။ တရုတ်နိုင်ငံ၊ ဝူဟန်မြို့တွင် ပထမဆုံးရောဂါကူးစက်မှု (၄၁)ခုကို ဇန်နဝါရီလတွင် အတည်ပြုနိုင်ခဲ့ပြီးနောက် ၎င်းအကြာ ဧပြီလ ၁ရက်နေ့တွင် ကမ္ဘာတစ်ဝန်းရှိ လူဦးရေ ၁သန်းကျော် ရောဂါကူးစက်ခံခဲ့ရသည်။ Ref: WHO

မူကြိုကျောင်းများအားလုံး ဇွန်လ ၁၅ရက်အထိပိတ်ထားရန် လူမှုဝန်ထမ်းဦးစီးဌာနညွှန်ကြား

ဇွန် ၂



အစိုးရမူကြိုကျောင်းများနှင့်ပုဂ္ဂလိကမူကြိုကျောင်းအားလုံး ဇွန်လ ၁၅ရက်အထိ ပိတ်ထားရန် လူမှုဝန်ထမ်းဦးစီးဌာနက ညွှန်ကြားထားသည်။ လူမှုဝန်ထမ်းဦးစီးဌာနကဖွင့်လှစ်ထားသော မူလတန်းကြိုကျောင်းများ၊ နေ့ကလေးထိန်းဌာနများ၊ မိခင်ပိုင်းများနှင့် ပုဂ္ဂလိကမူလတန်းကြိုကျောင်းများကို ဇွန်လ ၁၅ရက်အထိပိတ်ထားရန်နှင့်ပြန်ဖွင့်နိုင်မည့်ရက်ကို ထပ်မံကြေညာသွားမည်ဖြစ်သည်။ Ref: 7Day



ကုမ္ပဏီ၀ဝထံမှ အရန်ဆန်တန်ချိန်(၂၂၀၀၀)ဝယ်ယူ

မေ ၃၀ ။ ။ နိုင်ငံတော်၏အရန်ရိက္ခာအစီအစဉ်အရ အရန်ဆန်များကို ဝယ်ယူသိုလှောင်လျက်ရှိရာ မေ ၂၇ရက်အထိ သိုလှောင်ရုံ ၅ရုံတွင် ဆန်တန်ချိန်(၂၂,၀၀၀)ကျော်ကိုပြည်ပသို့ဆန်တင်ပို့မည့် ကုမ္ပဏီ ၈၀ထံမှ ဝယ်ယူထားကြောင်း သိရသည်။ စီးပွား/ကူးသန်း၊ MITS နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ပူးပေါင်းလျက် ၂၀၂၀၊ ဧပြီ ၃၀ မှစတင်ကာ ယခုကဲ့သို့ဝယ်ယူသိုလှောင်ခဲ့ခြင်းဖြစ်သည်။ Ref: EMG

လျှပ်စစ်နှင့်ကျန်းမာရေးကဏ္ဍ အတွက် ကမ္ဘာ့ဘဏ်ချေးငွေပေး

မေ ၃၁ ။ ။ မြန်မာနိုင်ငံတွင် ရာသီဥတုနှင့် သဘာဝဘေးဒဏ်ခံနိုင်စွမ်းရှိသော လျှပ်စစ်မာတ်အားစနစ် အကောင်အထည်ဖော်ရေးအတွက် ကန်ဒေါ်လာသန်း(၃၅၀)နှင့် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်မြှင့်တင်ရေးအတွက် ဒေါ်လာသန်း(၁၁၀)ချေးမည်ဖြစ်သည်။ လျှပ်စစ်ကဏ္ဍအတွက် ချေးငွေအား ရန်ကုန်တိုင်းအတွင်း လျှပ်စစ်မာတ်အားတိုးတက်ရရှိနိုင်ရန်နှင့် မာတ်အားပြတ်တောက်မှုမရှိစေရန်အတွက် ရွာမမာတ်အားပေးစက်ရုံကို အဓိကထား အဆင့်မြင့်တင်သွားရန်ရည်ရွယ်ထားပြီး ကျန်းမာရေးကဏ္ဍအတွက်ချေးငွေအား ကျန်းမာရေးစောင့်ရှောက်မှုများအတွက် လိုအပ်သော အခြေခံအဆောက်အအုံကဏ္ဍအတွက် အသုံးပြုသွားမည်ဖြစ်သည်။ Ref: 7Day

ပြည်တွင်းလေကြောင်းလိုင်းများ အားလုံးပြန်လည်ပြေးဆွဲမည်

မေ ၂၇ ။ ။ မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းပျံသန်းပြေးဆွဲမှုများကို မေလကုန်အထိ ရပ်ဆိုင်းထားသော်လည်း ပြည်တွင်းလေကြောင်းလိုင်းများအားလုံး မေလကုန်မှစပြီး ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း စုံစမ်းသိရသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန်အတွက် ဧပြီလဆန်းမှစတင်ကာ ယာယီရပ်ဆိုင်းခဲ့သည့် အဲသံလွင်လေကြောင်းလိုင်းသည် မေ ၃၀ရက်တွင် ပြည်တွင်းခရီးစဉ်များကို ပြန်လည်ပြေးဆွဲမည်ဖြစ်သည်။ ထို့အတူ မြန်မာအမျိုးသားလေကြောင်းလိုင်းနှင့် အဲကမ္ဘောဇလေကြောင်းလိုင်းတို့က မေလဆန်းမှစတင်ကာ ပြည်တွင်းခရီးစဉ်များကို ပြန်လည်ပြေးဆွဲခဲ့သည်။ Ref: mmtimes

ချပ်သင်းဘေးမဲ့တောတွင် သောက်ရေကန်တူးဖော်

မေ ၃၁ ။ ။ ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိ ရွှေသမင်များနှင့်အခြားတိရစ္ဆာန်များရေပြတ်လပ်မှုမရှိစေရေးအတွက် ဘေးမဲ့တောအတွင်း သောက်ရေကန်များတူးဖော်ပေးခဲ့သည်ဟု ယင်းဘေးမဲ့တောမှ တာဝုပ်ကြီးဦးဝင်းဇော်လွန်းကပြောသည်။ ယခုနှစ် သမင်စာရင်းကောက်ယူမှုများအရ ရွှေသမင်အနည်းဆုံး၆၆၆ကောင်မှ အများဆုံး၁၀၄ကောင်အထိ ယင်းတောဌ ကျက်စားလျက်ရှိသည်။ Ref: 7Day



EPLအသင်းတာဝန်ရှိသူများ ဝင်ကြည့်ခွင့်ပိတ်ခံရဖွယ်ရှိ၊ ပွဲကစားနေချိန် ရေသောက်နားချိန်ပေးရန် တောင်းဆိုမည်

ဇွန်၊ ၂



ပရီးမီးယားလိဂ်ရာသီလက်ကျန်ပွဲများကို ဇွန်(၁၇)ရက်တွင် ပြန်လည်စတင်ကစားရန် စီစဉ်နေရာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကွင်းအတွင်း ဝင်ရောက်ခွင့်ရှိသူအရေအတွက်ကိုလည်း ကန့်သတ်ထားသည့်အတွက် အသင်းဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များသည် ကွင်းအတွင်း ဝင်ခွင့်ပိတ်ပင်ခံရနိုင်ကြောင်း သိရသည်။ ဂျာမနီတွင် ဘောလုံးပွဲများ ပြန်ကစားနေရာ ကွင်းပရဝဏ်အတွင်း(၂၁၃)ဦးသာ ဝင်ခွင့်ပြုပြီး (၉၈)ဦးကိုသာ ကစားသည့်မြက်ခင်းကွင်းအတွင်း ဝင်ခွင့်ပြုကာ ကျန်(၁၁၅)ဦးကို ပွဲကြည့်စင်တွင်သာ နေခွင့်ပြုခဲ့သည်။

ထို့ကြောင့် ပရီးမီးယားလိဂ် ပြန်လည်စတင်နိုင်ရန် စီစဉ်နေမှုတွင် မရှိမဖြစ်လိုအပ်သူများ မဟုတ်ပါက ကွင်းအတွင်းဝင်ရောက်ခွင့်ပိတ်ပင်မည်ဖြစ်ရာ ပွဲကစားခြင်းတွင် မရှိမဖြစ်လိုအပ်သော အသင်းဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ အမှုဆောင်များသည် ကွင်းတွင်းဝင်ခွင့် ပိတ်ပင်ခံရနိုင်သည်ဟု သိရသည်။

Ref:standardtime

ကိုဗစ်ကြောင့်ရပ်နားထားသော ဥရောပထိပ်သီးလိဂ်ပြိုင်ပွဲများ ဖွန်လအတွင်း ပြန်ကစားမည်

မေ ၂၈



ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် ၂လကျော်ကြာ ရပ်နားထားရသော ဥရောပ ထိပ်တန်းလိဂ်ပြိုင်ပွဲများဖြစ်သည့် ပရီးမီးယားလိဂ်၊ စီးရီးအေနှင့်လာလီဂါပြိုင်ပွဲများကို ဇွန်လအတွင်း ပြန်လည်စတင်နိုင်တော့မည်ဖြစ်သည်။ ပရီးမီးယားလိဂ်အား ဇွန်(၁၇)တွင် လည်းကောင်း၊ စီးရီးအေအား ဇွန်(၂၀)တွင် လည်းကောင်း၊ လာလီဂါအား ဇွန်(၁၁)တွင် လည်းကောင်း ပြန်လည်စတင်မည်ဖြစ်သည်။

အဖွဲ့ချုပ်တာဝန်ရှိသူအချို့မှ ဝန်ထမ်းနှင့် ဒိုင်လူကြီးများအား အလှူငွေ၊ ထောက်ပံ့မှုများပြုလုပ်

မေ ၁၁



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဝန်ထမ်း (၂၂၉) ဦးနှင့် ဒိုင်လူကြီး(၄၀)ဦးအား နေထိုင်စားသောက်မှု အဆင်ပြေစေရေးအတွက် အထွေထွေအတွင်းရေးမှူးဦးကိုကိုသိန်း၊ ဌာနတာဝန်ခံများ၊ မန်နေဂျာများ၏အလှူငွေဖြင့် ဆန်၊ ဆီနှင့် ငါးသေတ္တာဘူးများပေးအပ်လှူဒါန်းခြင်းကို မေလ(၁၁)ရက် နံနက်ပိုင်းက သုဝဏ္ဏအားကစားကွင်းတွင် ပြုလုပ်ခဲ့သည်။

Ref: MFF

သွေးလွန်တုပ်ကွေးရောဂါ လုံးဝမဖြစ်အောင်ကာကွယ်ဖို့ ဘာတွေလုပ်ရမှာလဲ



- နေအိမ်နှင့် ပတ်ဝန်းကျင်ရှိ ခြင်ကျားလောက်လန်းပေါက်ဖွားနိုင်တဲ့ ရေကြည်ရေသန့် သိုလှောင်ရာ နေရာတွေနဲ့ ရေတင်ကျန်ရှိနိုင်တဲ့နေရာတွေမှာ ခြင်ကျားလောက်လန်းလုံးဝမရှိဖို့လိုပါတယ်။
- ခြင်ကျားလောက်လန်းမရှိပါက ခြင်ကျားပေါက်ပွားခြင်းမရှိတဲ့အတွက် သွေးလွန်တုပ်ကွေးရောဂါလည်း လုံးဝမဖြစ်ပွားနိုင်ပါဘူး။ ဒါကြောင့် မိမိအိမ်၊ ကျောင်းနဲ့ ပတ်ဝန်းကျင်မှာ ခြင်ကျားလောက်လန်းနှိမ်နင်းရေးလုပ်ငန်းတွေကို တစ်ပတ်လျှင် (၁)ကြိမ် ဆောင်ရွက်ရမှာဖြစ်ပါတယ်။
  - ☑ ရေစည်၊ ရေအိုးများကို စနစ်တကျ ဖုံးအုပ်ထားပါ။
  - ☑ ရေလဲလှယ်နိုင်တဲ့ ရေစည်၊ ရေကန်များကို တစ်ပတ်လျှင် အနည်းဆုံး(၁)ကြိမ် ရေလဲလှယ်ပါ။ (သို့မဟုတ်) ရေစစ်ခြင်းများကို ဆောင်ရွက်ပါ။
  - ☑ ရေလဲလှယ်သော်လည်း ခြင်ဥများက ရေစည်ရေအိုးများ၏နံရံများတွင် ကပ်တင်ကျန်လေ့ရှိတဲ့အတွက် အတွင်းပိုင်းနံရံများကိုပါ အထူးသတိပြု၍ သေချာစွာ တိုက်ချွတ်ဆေးကြောပါ။
  - ☑ ရေတင်ကျန်နိုင်တဲ့ စွန့်ပစ်ပစ္စည်းများ၊ အမှိုက်များကို ရေမတင်စေရန် စနစ်တကျ စွန့်ပစ်ပါ။ မလှယ်၊ မသွန်၊ မစစ်နိုင်သော ရေစည်များနှင့် ရေအိုးများကို ခြင်ကျား၊ ပိုးလောက်လန်းသေဆေး(အဘိတ်)ခတ်ရန် နီးစပ်ရာကျန်းမာရေးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပါ။
  - ☑ အိမ်တွင်း/အိမ်ပြင် ခြင်ခိုအောင်းပေါက်ပွားနိုင်သောနေရာများကို တစ်ပတ်လျှင် (၁)ကြိမ် ဖယ်ရှားရှင်းလင်းပါ။
- ဒဏ်အပြင် ခြင်ကိုက်မခံရအောင်နေထိုင်ပါ။ အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်တို့ကို ဝတ်ပေးပါ။ ကလေး၊ လူကြီးအားလုံး နေ့ခင်းဖြစ်စေ၊ ည‌ဖြစ်စေ ခြင်ထောင်ဖြင့် အိပ်ပါ။



ကိုးကား ~ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန